# အိမ်ပြောင်းလှောင်အိမ် အခန်း ၃၄

ဆရာဝန်ထိုးပေးထားတဲ့ မော်ဖိန်းအရှိန်ကြောင့် တနေ့ခင်းလုံး အိပ်ပျော်သွားပေမဲ့ ဆွာမိရဲ့ လေးနာရီသံချောင်းခေါက်သံနှင့် နိုးလာပါတယ်။ FREE EL SALVADOR လေးလည်း မကြာခင် ထမင်းလာပို့တော့မယ်။ ဒီတခါ မနက်တုံးက အဆင်မပြေဖြစ်တာမျိုး နောက်ထပ်မဖြစ်ချင်ပါ။ မေမေပို့လိုက်တဲ့ ထောင်ဝင်စာအထုပ်ထဲက ပိတ်စအကြီးဆုံးကို ထုတ်ယူလိုက်တယ်။

ကြမ်းပြင်မှာ သေသေချာချာ ခင်းလိုက်တယ်။ စားစရာတွေကို လှလှပပ ပြင်ဆင်ထားလိုက်တယ်။ ဒီပျော်ပွဲစားထွက်လို့ ပြင်ဆင်ထားပုံကို သေသေချာချာကြည့်မိတယ်။ ကောင်လေး အဲဒါတွေတွေ့ရင် စကားတခွန်းနှစ်ခွန်းလောက် တေဇကိုပြောမှာဘဲ။ ကောင်လေးကိုတော့ စိတ်မညစ်စေချင်ပါဘူး။ တကယ်လို့ ကောင်လေးက စကားမပြောလဲမတတ်နိုင်ဘူးလေ။

စကြိန်ဘက်ကို လက်ထုတ်ထားရင်း သံတိုင်တွေပေါ်မှာ လက်ချောင်းလေးတွေ လှုပ်ကြည့်တယ်။ နာကျင်လာတယ်။ အစာတော်ခံဆန္ဒပြတာ အမှတ်ရမိတယ်။ မရနိုင်တာကို သိပ်အစွဲအလမ်း မထားဖို့ သတိထားရမယ်။ ကုလားလေး တေးဆိုဂှက်အခန်းနားရောက်လာပြီး တေဇပြင်ဆင်ထားတဲ့ ပျော်ပွဲစားထွက်ပြင်ဆင်ထားပုံကို အပြင်ကနေသေသေချာချာစိုက်ကြည့်နေတယ်။ ကြီးမားလှပတဲ့ ငါးခြောက်ပြားကြီးကို ပိတ်စပေါ်မှာ လှပစွာတွေ့ရတယ်။ ငါးခြောက်ပြားကြီးဘေးမှာ လက်ဖက်သုတ်အထုပ် အကြော်မျိုးစုံ၊ နောက်ပြီး မြေပဲသုံးထုပ်၊ ကြက်သွန်ဖြူကြော်ထုပ်။ ကောင်လေး တွေဝေသွားတယ်။

လက်နှစ်ဖက်ကို ယှက်ပြီး ကျောက်ရုပ်လို ရပ်နေလိုက်တယ်။ မျက်စိလည်း မှိတ်ထားလိုက်တယ်။ ကောင်လေးစိတ်ထဲမှာ တေးဆိုဂှက် ခေါင်းနည်းနည်းချောင်သွားပြီလား။ ဒါပေမဲ့ စားစရာအကောင်းစားတွေက ပိုပြီးစိတ်ဝင်စားစရာ ကောင်းလွန်းလှပါတယ်။ ရှေ့ကိုဖြည်းဖြည်းတိုးလိုက်တယ်။ ဘာမှမလုပ်ပေးဘဲနှင့် ဘာမှအလကားမရနိုင်ဘူးဆိုတာ ခေါင်းထဲမှာ စွဲနေတယ်။ တေဇဘာတွေလုပ်ချင်တာလည်းဆိုတာ ကောင်လေးခေါင်းထဲမှာ ရှုပ်ထွေးလာတယ်။

တေဇမျက်စိမဖွင့်သေးဘူး။ ကောင်လေးခေါင်းကို ရှေ့နည်းနည်းတိုးပြီး တေဇကိုကြည့်လိုက်တယ်။ တေဇ သေနေပြီလား။ ဒါလည်းမဖြစ်နိုင်ဘူး။ မတ်တပ်ကြီးသေနေတာ တခါမှ မကြားဖူးဘူး။ တွေ့ပြီ–– တေဇရဲ့ပိန်လှီလှတဲ့ ရင်ခေါင်းဟာ ပိန်လိုက်၊ ဖောင်းလိုက် နည်းနည်းဖြစ်နေတယ်။ တေဇ တရားထိုင်နေတာလား။ အရင်တုန်းကလည်း တိုက်ထဲမှာ ဘုန်းကြီးတွေတွေ့ဘူးတယ်။ ပြဿနာတွေကြောင့် တိုက်ပိတ်ခံရပေမဲ့ ဝင်သက်ထွက်သက်မှတ်နေတာကို ကုလားလေးမြင်တွေ့ဘူးတယ်။

ကောင်လေးရဲ့ ဆန္ဒက တေဇမျက်စိဖွင့်လာဖို့ပဲ။ တေဇ မျက်လုံးတချက်ကလေး ဖွင့်လာရင် မေးလိုက်ချင်တယ်။ ဒါတွေဟာ ဘာလဲ? ကျနော့်အတွက်လား? လက်ဖက်နှင့် ငါးခြောက်ဟာ တခြားလူကို ပေးဖို့လားမသိဘူး။ နတ်တင်ဖို့လား? ဒါမှမဟုတ်ရင် ထောင်မှူး ဦးချစ်နိုင်ဆိုတဲ့ တေဇရဲ့မိတ်ဆွေအတွက်လား? ကောင်လေးရှေ့ကို ပိုတိုးလိုက်တယ်။ ငါးခြောက်ကြောင့် မဟုတ်ပါ။ တေဇကို သိပ်စိတ်ဝင်စားသွားလို့။ မေးချင်၊ သိချင်တာတွေ အပြည့်ပဲ။

တေဇ မျက်လုံးဖွင့်ပြီး ထိုင်ချလိုက်ပြီး ဆန်ပြုတ်တွေကို တဇွန်းချင်းသောက်နေတယ်။ စစ်ဖိနပ်သံကိုလည်း နားစွင့်ထားရတယ်။ နောက်ဆုံး တဇွန်းသောက်ပြီးတာနှင့် တေဇမျက်နှာကိုစိုက်ကြည့်လိုက်တယ်။ ကောင်လေးနောက်ကို တချက်ခုန်လိုက်မိတယ်။ လန့်သွားတယ်။ တေဇဟာ ရုတ်တရက်ကြီး ပြုံးပြတယ်။ တေဇ တိုးတိုးလေးပြောလိုက်ကတယ်။ ဟိုး---အရင် တေဇကို စတွေ့တဲ့နေ့တုန်းကလိုဘဲ " ထိုင်လေ-- လာ "။

ပိန်လှီသေးသွယ်တဲ့ လက်ချောင်းနှင့် ငါးခြောက်ကို ထိုးပြလိုက်တယ်။ FREE EL SALVADOR ကို လက်ဖက်သုတ်၊ ကြက်သွန်ဖြူကြော်၊ မြေပဲကြော်တွေကို လက်ညှိုးထိုးပြတယ်။ တိုးတိုးလေး ထပ်ပြောလိုက်တယ်။ "ဒီဟာတွေဟာ မင်းအတွက်ဘဲ။ ငါစားလို့ မရဘူး။ ငါးခြောက် သိပ်မာတယ်။" တေဇ အခုချိန်မှာ သိပ်မဝါးနိုင်သေးဘူး။ ပါးစပ်ကို ပိတ်လိုက်၊ ဖွင့်လိုက် လှုပ်တိုင်း ပါးစောင်က နာလာတယ်။

FREE EL SALVADOR လေးတွေဝေသွားတယ်။ ကြောက်လည်း ကြောက်သွားတယ်။ ဘာကို ကြောက်သွားသလဲ မသိပေမဲ့ ကြောက်သွားတာအမှန်ဘဲ။ ဒီလူက စားစရာ အကောင်းစားတွေ ပေးနေတာဘဲ။ ဘာမှကြောက်စရာ မလိုပါဘူး။ ပိန်ပိန်သွယ်သွယ် မေးရိုးပြုတ်နေတာဘဲ။ ဘာမှ ကြောက်စရာမရှိဘူး။ အကယ်၍ အန္တရယ်ကောင်ဖြစ်ရင်လည်း မစိုးရိမ်ရဘူး။ ဒီလူဟာ အကျဉ်းကျနေတဲ့ လူဘဲ။

ဒီလူဟာ သူ့ကို အမှတ်တမဲ့ အံ့ဩစေခဲ့တယ်။ သူသတိ တချက်လွတ်တဲ့ အချိန်မှာ ကြင်နာမှုနှင့် ရုတ်တရက်ဝင်လာတာ အံ့ဩစရာဘဲ။ ကောင်လေးလွယ်ထားတဲ့ လွယ်အိတ်ကို ဖွင့်လိုက်တယ်။ စားစရာတွေကို ကောင်လေးလွယ်အိတ်ထဲ တခုချင်း ထည့်နေတာကို တေဇ သဘောကျစွာ ကြည့်နေမိတယ်။

တေဇအခန်းဟာ သံတိုင်တွေနှင့် ကာထားတယ်။ ဒါပေမဲ့ တေဇဟာ ကမ္ဘာကြီးနှင့်အဆက်အသွယ်ပြန်ရတာ ဒီသံတိုင်တွေကြောင့်ဘဲ။ ခြေလှမ်း ငါးလှမ်းလောက်အကွာမှာ သံတိုင်ခြားထားတယ်။ ကောင်လေးနှင့် သူနှင့်က သံတိုင်ခြားနေပေမဲ့ စိတ်ထဲကအလိုလို ဆက်သွယ်နေတယ်။ FREE EL SALVADOR လေး လွယ်အိတ်လေးနှင့် ထွက်သွားပြီ။ အလွန်ညစ်ပတ်နေသော အဖြူရောင်တိုက်ခန်းမှ သူရဲ့ကမ္ဘာလေးဆီကို တလှမ်းချင်း လှမ်းရင်း ပျောက်ကွယ်သွားတယ်။

တေဇ မျက်လုံး ပြန်မှိတ်ရင်း တရားပြန်မှတ်နေတယ်။ အံ့သြထူးဆန်းတဲ့ တရားမှတ်နည်းဘဲ။ အတွေးတွေကို အသက်ရှူခြင်း ဝင်သက်ထွက်သက်နှင့် ပျောက်ပျက်စေခဲ့တယ်။

# အိမ်ပြောင်းလျှောင်အိမ် အခန်း ၃၅

အိပ်ယာခင်းအစုတ်ပေါ်မှာ လှဲနေရင်း ကောင်လေးဟာ အပေါ်က ပလပ်စတစ်အိတ်ကို ကြည့်နေမိတယ်။ တစ်ခါတလေ ကံကောင်းတဲ့အခါ ဒီလိုစားစရာတွေ ရတတ်တယ်။ အမိုးရဲ့သံချောင်းပေါ်မှာ အိတ်ကိုချည်ထားတယ်။ ဒါမှပိုးဟတ်တွေမလာမှာ။ တံခါးလို့သတ်မှတ်ထားတဲ့ သံပြားကို ခြေနဲ့ကန်ဖွင့်လိုက်တယ်။ ရာသီဥတုဟာ ပူပြင်းလွန်းတယ်။ နံရံတွေကြားက ကြယ်ရောင်၊ လရောင်တွေ တချို့တဝက် ဝင်ရောက်လာတယ်။

ငါးခြောက်ဟာ အရိုးဘဲကျန်တော့တယ်။ ကောင်လေးဟာ အမှောင်ထဲမှာငါးခြောက်ရိုးကို သေချာကြည့်မိတယ်။ မျက်လုံးတလုံးမှိတ်ကြည့်တော့ ငါးခြောက်ကိုမြင်ရဆဲ။ မျက်စိနှစ်လုံး မှိတ်လိုက်တော့ ပလစ်စတစ်အိတ်ထဲမှာ ရေကူးသလို မြင်နေရတယ်။

ကုလားလေးရဲ့ ရတနာတွေဟာ အပေါ်မှာလည်းရှိတယ်။ အောက်မှာလည်းရှိတယ်။ ပလပ်စတစ်နှင့် ပတ်ထားတယ်။ အပေါ်ကရတနာတွေဟာ စားစရာဖြစ်ပြီး အောက်ကရတနာဟာ ပလပ်စတစ်နှင့်ပတ်ထားပြီး မြေကြီးထဲမှာမြှုပ်ထားတဲ့ ဘောလ်ပင်ဘဲ။ သတိထားရမယ်။ ထောင်မှူးကိုလူချောနှင့် ဝါဒါတွေဟာ ဒီဘောလ်ပင်ကို သဲကြီးမဲကြီး မတွေ့မခြင်းရှာနေကြတယ်မဟုတ်လား။ လုံချည်တွေနှင့်လုပ်ထားတဲ့ အိပ်ယာခင်းပေါ်မှာ အိပ်နေရင်း တရုပ်စောင်ကို ခေါင်းမြီးခြုံရင်း စိတ်ချလက်ချ အိပ်ပစ်လိုက်တယ်။

မှတ်သုံရာသီအချိန်ကို ကောင်လေးမကြိုက်ပါ။ အဝတ်တွေတော်တော်နှင့် မခြောက်တတ်ပါ။ ဒါပေမဲ့ အိပ်လို့ကောင်းတဲ့ရာသီဖြစ်ပါတယ်။ ကုလားလေး အိမ်ဟာ အမြင့်က သူ့တထိုင်စာဘဲရှိတယ်။ အိမ်ထဲမှာဆိုရင် ထပြီးလှမ်းလို့မရပါ။ ဂဏန်းသွားဘဲ သွားလို့ရပါတယ်။ ကောင်လေးမှာ စိုးရိမ်မှု တခုရှိတယ်။ သူ့ဟာတဖြည်းဖြည်းနှင့် အရွယ်ကြီးလာရင် ဒီအိမ်လေးနှင့် ဖြစ်ပဲ့မလား။ သူတို့တတွေဟာ ကောင်လေးကို နောက်ထပ်အိမ်ဆောက်ခွင့်ပြုမှာ မဟုတ်ဘူး။ ကိစ္စမရှိဘူး။ နောက်မှဖြစ်လာမဲ့ ကိစ္စ။ မျက်စိကိုမှိတ်ပြီး အိပ်မယ်။ မီးခြစ်ဘူးလေးထဲမှာ ပိုးဖလံကောင်လေး လမ်းသလားနေတယ်။ တခြစ်ခြစ်နှင့် အသံတိုးတိုးလေး။

ထောင်ပေါင်းများစွာသော ဒုစရိုက်အကျဉ်းသားများ ထောင်ပေါင်းများစွာဟာ နိုင်ငံရေးအကျဉ်းသားများ ရာနှင့်ချီတဲ့ ဝါဒါတွေနှင့်အစောင့်သမားမျိုးစုံ ဒီလောက်များတဲ့ လူတွေကြားထဲမှာ ဒီဘောလ်ပင်ရှိတဲ့နေရာကို သိတာဟာ ကောင်လေးရယ်၊ ပိုးဖလံကောင်

လေးရယ်၊ ကောင်လေးအစာ ကျွေးနေကြအိမ်မြှောင်ရယ်ဘဲ သိတယ်။ ထောင်မှူးကိုလူချောက ထောင်ကြီးအတွင်းမှာ နေရာအနှံ့ရှာဖွေနေပေမဲ့ ဘောလ်ပင်ကို ကောင်လေး အိပ်ယာအောက်က မြေကြီးအတွင်းမှာ သေသေချာချာမြှုပ်ပြီး အိပ်နေတာ ဘယ်သူသိမှာလည်း။ ညနေအပြင်ထွက်သွားလည်း ဘောလ်ပင်က သူ့အိပ်ယာအောက်က မြေကြီးထဲမှာ တီကောင်တွေနှင့် ကစားနေမှာဘဲ။

မနေ့ညထောင်မှူး ကိုလူချော အကျဉ်းခန်းမှထွက်သွားတဲ့အခါ ကောင်လေးဟာ အိပ်ယာကို ခေါက်လိုက်ပြီး မြေအောက်က ဘောလ်ပင်လေးကို ထုတ်ကြည့်ဘူးတယ်။ ပေကျံနေတဲ့ မြေကြီးတွေကို ခါထုတ်လိုက်ပြီး အဲဒီဘောလ်ပင်လေးကို ထုတ်ကြည့် လူကြီးတွေစာရေးသလို သူလည်း လက်ချောင်းလေးတွေထဲ ထည့်ပြီး စာရေးသလိုလုပ်ဘူးတယ်။ စက္ကူအိတ်ပေါ်မှာ အမှတ်သားလေး ရေးဆွဲကြည့်တယ်။ ဒါပေမဲ့ ကြောက်စိတ်ကဝင်လာတယ်။ တကယ်လို့များ ထောင်မှူးကိုလူချောဟာ ကောင်လေးစာအုပ်ကို ဖွင့်ကြည့်မိပြီး ဟိုခြစ်ဒီခြစ်လုပ်ထားတာတွေ တွေ့သွားရင် သူ့ကိုတရားခံလုပ်လိမ့်မယ်။ သေအောင်ရိုက်မှာလား။ ဒါမှမဟုတ်ရင် နိုင်ငံရေးသမားတွေကို ထားတဲ့ ခွေးလှောင်အိမ်ထဲမှာ ထည့်မှာလား။

တခါတလေ သူ့ခေါင်းကိုသူရိုက်ရင်း သတိပေးမိတယ်။ ဒီအန္တရာယ်ပစ္စည်းကို အမြန်ကို အမြန်ဖျောက်ပစ်မှဖြစ်မယ်။ သိမ်းထားရတာ သိပ်အန္တရာယ်များလွန်းတယ်။ ဘာဘဲဖြစ်ဖြစ် မနက်ဖြန် သေးအိုးသွန်တဲ့အချိန်မှာ တတ်နိုင်ရင် အဆောင် ၁က သေးအိုးတွေ သွန်တဲ့အခါ အခြေအနေကောင်းတယ်။ အဲဒီမှာ လူများတော့ ဘယ်သူမှရိပ်မိမှာမဟုတ်ဘူး။

ဒီဘောလ်ပင်ကို ကိုင်နေရင်း စိတ်ကူးထဲမှာလွင့်ပစ်ပြီးသား ဘောလ်ပင်လေးမှာ သေးတွေ၊ ချေးတွေကြားထဲမှာ ပျောက်ကွယ်သွားခဲ့ပြီ။ ဘောလ်ပင်လေးရဲ့ဖင်ကို နှိပ်ကြည့်လိုက်တယ်။ ဘောလ်ပင် နှစ်ဟာ ဝင်လိုက်ထွက်လိုက်၊ “ ကလစ်၊ ကလစ်”နှင့် အသံကြားရတယ်။ သိပ်နားထောင်လို့ကောင်းတယ်။ ဒါဟာ ရာဇဝင်ဘောလ်ပင်လေ။ ဒီဘောလ်ပင်ရဲ့မှင်တွေထဲမှာ စကားလုံးပေါင်းများစွာ နှစ်မြှုပ်ထားတယ်။ ဒါကြောင့်တွေးကြည့်တယ်။ မဖြစ်နိုင်ဘူး။ ဒီဘောလ်ပင်ကို သေးတွေ၊ ချေးတွေထဲကို နှစ်မြှုပ်ဖျောက်ဖျက်ပစ်လိုက်ရင် သူဟာ မကောင်းဆိုးဝါးကောင် ဖြစ်သွားမယ်။

ဝါဒါတံခါးဖွင့်သံနှင့်အတူ ထွက်ပြီးအလုပ်လုပ်ရမယ့် အကျဉ်းသားတွေ ထွက်လာပြီ၊ အများကြီးဘဲ။ ကောင်လေး တံတောင်ထောက်ပြီး နားစွင့်နေတယ်။ အမိကက သူတို့ဘာတွေပြောနေကြသလဲ။ ဟိုဘောလ်ပင်ရှာဖွေ ကိစ္စဘဲ။ ဟုတ်တယ်။ ဝါဒါတွေအများစုက ထောင်မှူးကိုလူချောကို သိပ်သဘောမကျဘူး။ ဝါဒါတွေ (တလာစီ) ရှာဖွေရေးလုပ်တာကို ထောင်ကျအကျဉ်းသားတွေ နည်းနည်းမှ မကျေနပ်ဘူး။

ဒီမနက် ဝါဒါတွေတယောက်နှင့်တယောက် စကြနောက်ကြတယ်။ များသော အားဖြင့် ထောင်မှူးကိုလူချောကို ကြည့်လို့မရကြဘူး။ နောက်ကွယ်မှာ ဆဲရေးတိုင်းတာ ကြတယ်။ ထောင်ထဲမှာတော့ ဒီလိုဆဲရေးတိုင်းထွာကြတာ သဘာဝဘဲဖြစ်တယ်။ တန်းစီး ကိုကျားကြီးဆိုရင် အဲဒီလိုဘဲ ဆဲရေးတိုင်းထွာပြောတာကို ထောင်စကားလို့ ပြောဘူး တယ်။

ငါးခြောက်ကို စိုက်ကြည့်လိုက်တယ်။ ဒီနေ့အတွက် မီနူး(menu)ကို ခေါင်းထဲ အစီအစဉ်ဆွဲထားတယ်။ ညစာကိုတော့ ငါးခြောက်နှင့် ထမင်းဖြူ (အဲ--- မှားသွားတယ်။ ထောင်ထဲမှာ ထမင်းအဖြူဆိုတာမရှိပါဘူး။ စာရေးသူ သတိလက်လွတ်တာပါ။) နေ့လည် စာဟာ သီချင်းဆိုငှက်ပေးလိုက်တဲ့ လက်ဖက်သုတ်နှင့် ထမင်း။ ထောင်ဝင်စာဟာ တလတစ် ခါဘဲဖြစ်ပေမဲ့ ကံကောင်းတဲ့လတွေမှာ နှစ်ခါရတတ်ပါတယ်။

တံခါးကို ခြေထောက်နှင့် ဖြည်းဖြည်းလေးကန်ဖွင့်လိုက်တယ်ပြီး ခေါင်းကိုအပြင် ထုတ်ပြီးကြည့်လိုက်တယ်။ မနက်ခင်းရဲ့ လေထုပါးပါး မသဲမကွဲလေးထဲမှာ အုတ်အနီတွေနဲ့ ဆောက်ထားတဲ့ အဆောက်အဦး၊ မီးခိုးရောင်သန်းနေတဲ့ ထောင်နံရံကြီး၊ သစ်သားနှင့် ဆောက်ထားတဲ့ အဆောက်အဦးတချို့ ကာကီဘောင်းဘီဝတ် ဝါဒါတွေ။ ဝါဒါတွေရဲ့အ ဆောင်တံခါးကြီးကို မျက်လုံးရောက်သွားတယ်။ ကံကောင်းရင် ဝါဒါတွေအဆောင်ထဲမှာ မနက်သောက်ပြီးလက်ကျန် လက်ဖက်ရည် နည်းနည်းကျန်နေတတ်တယ်။ စားပွဲပေါ်မှာ ကျန် နေမှာဘဲ။ ဒါပေမဲ့ သွားပြီးမယူရဲတော့ဘူး။ ထောင်မှူး ကိုလူချော သူခိုးစားတာ တခါမိပြီး ဆော်ထားတာကို မမေ့နိုင်ဘူး။

ကိစ္စမရှိပါဘူး။ ထောင်မှူးကိုလူချော ဘယ်လိုမှ မတတ်နိုင်တဲ့ ဘောလ်ပင်ဟာ သူ့လက်ထဲမှာ ရှိနေသေးတယ်။ ထောင်မှူး ကိုလူချောကို သူနိုင်နေသေးတယ်မဟုတ်လား။ ဘာဘဲဖြစ်ဖြစ် မနက်စာဟာ အရသာရှိနေမှာဘဲ။ ဝါဒါဆောင်နောက်ဖက်က ဝင်လိုက်ပြီး ရေပိုက်မှာ မျက်နှာသစ်လိုက်တယ်။ သတိရပြီး ထောင်ဝင်းထဲက တန်းစီး ဦးကျားကြီးဆီ သွားရဦးမယ်။

တန်းစီး ဦးကျားကြီး အခန်းမရောက်ခင် လေးခန်းလောက်အဝေးမှာ ကုလား လေး ရုတ်တရက် ရပ်လိုက်တယ်။ နားစွင့်ထားမိတယ်။ တန်းစီး ဦးကျားကြီး တယောက် ယောက်ကို စိတ်ဆိုးပြီး ထိုးကြိတ်ရင်း ဆဲဆိုနေသံကြားရတယ်။ တန်းစီး ဦးကျားကြီး စကား ပြောတဲ့အခါ အသံအရမ်းကျယ်တယ်။ ဒေါသသိပ်ကြီးတယ်။ ဒီလိုအချိန်မျိုးမှာ ကောင်လေး ဟာ တန်းစီးဦးကျားကြီးနား မကပ်ရဲဘူး။ ခပ်လှမ်းလှမ်းမှာ ရပ်နေတယ်။

တခါတလေ ကြားညှပ်ပြီး အဆော်ခံရပါသေးတယ်။ ဒါကြောင့် ခေါင်းကို အောက်စိုက်ပြီး ဖြည်းဖြည်းချင်းလှမ်းလိုက်တယ်။ တန်းစီး ဦးကျားကြီးအသံကို သေသေချာ ချာကြားရပါပြီ။ “ အဲဒီကောင် မင်းတို့လက္ခဏာကို ကြည့်ပေးတာကို ငါသောက်ဂရုစိုက်

ဘူး။ အဲဒီ လက္ခဏာဟောတဲ့ကောင်ဆီက မင်းတို့ဟိုဟာလက်ခံနေတာ ငါမသိဘူးမထင်နဲ့ သိတယ်။ နောက်တစ်ခါဆိုရင် မင်းတို့ငါ့အခန်းထဲက ဆွဲထုတ်ပစ်မယ်။ တကယ်လို့ သူ့ငါ့အလုပ် လုပ်မယ်ဆိုရင် ပစ္စည်းကို ငါ့ဆီဘဲပေးရမှာပေ့ါ။ ဘာအကြောင်းကြောင့် ပန်းခြံထဲမှာ မင်းတို့ကိုတိတ်တိတ် ပေးလိုက်ရတာလဲ ”

“ ငါ့ဆီက ခွင့်မရဘဲနဲ့ ဘယ်တော့မှ ဘာမှလက်မခံနဲ့။ ဒါဟာ နောက်ဆုံးဖြစ်ပါစေ။ နောက်ပြီး အဲဒီသောက်ရူးကို ပြန်မပြောနဲ့။ အဲဒီ လက္ခဏာကောင်ဟာ ထောင်ထဲမှာ အယုတ်မာဆုံး ထောင်မှူးလူချောရဲ့လက်ရုံးဆိုတာ မင်းတို့သိသားရဲ့ တော်တော်အသုံးမကျတာဘဲ။ ဒါကြောင့် မင်းတို့ စိန်ယုံနဲ့ တတ်နိုင်သလောက်ဝေးဝေးမှာနေ။ အဲဒါမှ အန္တရာယ်က လွတ်မှာ။”

“ ဟုတ်ကဲ့ပါခင်ဗျာ။ ကျနော် နားလည်ပါပြီ။” ကောင်လေး အဲဒီအသံကို သိတယ်။ ဟို ပိန်ညှောင်ညှောင်နှင့် တန်းစီးအခန်းထဲမှာ အသက်အငယ်ဆုံး လှမြတ်ဆိုတဲ့လူတဲ့ အသံဘဲ။ အဲဒီ လှမြတ်ဟာ ဆံပင်ရှည်တွေကို လက်သည်းရှည်တွေနှင့် အမြဲကုတ်နေတဲ့လူဘဲ ဖြစ်တယ်။ အရပ်လည်း သိပ်ရှည်တယ်။ ဦးကျားကြီးထက်တောင် ရှည်တယ်။ လှမြတ်ကုလားလေးကို အမြဲနောက်နေကြ ဖြစ်ပေမဲ့ အခုအချိန်မှာ ဒုက္ခရောက် နေချိန်ဖြစ်လို့ မျက်နှာငယ်ငယ်နှင့် အမြီးကုတ်နေရပြီဖြစ်တယ်။

“ အမှားဟုတ်လား” အဲဒီအမှားဟာ မင်းအသက်တောင် ဆုံးရှုံးသွားနိုင်တယ်။ ငါ စိန်ယုံကို သုံးနေတယ်လို့ မင်းထင်ထားသလား? အဲဒီကောင်ဟာ ယုံကြည်စရာ ကောင်းနေသလား။ အေး––– ငါသူ့ကို သုံးတာလည်း အကြောင်းရှိတယ်။ ပစ္စည်းအပေးအယူတွေ သိပ်ခက်နေတယ်။ အဲဒီကောင်လည်း ဓါးထိုးခံရဖို့ သိပ်နီးနေပြီ။

“အခု ဘယ်လောက်ပြဿနာတွေ ကြီးနေပြီဆိုတာ မင်းတို့ သိပါတယ်။ အခုဘဲ အားလုံး (တလာစီ)ခံကြရပြီ။ ပစ္စည်းတွေ သိမ်းခံရပြီ။ အဲဒါဟာ ဒီမကောင်းဆိုးဝါး စိန်ယုံရဲ့ လက်ချက်ဘဲ။ စိန်ယုံလည်ပင်းကို မြန်မြန်ဖြတ်ပစ်ချင်နေပြီ။ ဒီကောင်ဟာ ပြဿနာကို မီးထွန်းပေးတဲ့ကောင်။ နောက်ပြီး ထောင်မှူး ကိုလူချောကို အမြဲဖားနေတဲ့ကောင်ဘဲ။ အခု (တလာစီ)နေရင်း ငါ့ရဲ့ စာတွေကိုလည်း ဖတ်သွားကြတယ်။ ”

“ ညီလေး မင်းအပြင်မှာ စောင့်နေစရာ မလိုပါဘူး။ မင်းကိုကြည့်ရတာ ငါပါ ဦးနှောက်စားလာပြီ။ လာ –– လာ–– ဒီမှာမနက်စာ ထမင်းနဲ့ဟင်း မင်းအတွက်ပိုက်ဆံလာယူ။ ကုလားလေး မျက်လုံးပြူးလောက်အောင် လန့်သွားတယ်။ ဘယ်အချိန်ကများ တန်းစီး ဦးကျားကြီး သူ့ဒီအနားရပ်နေတာ သိသွားလည်းမသိဘူး။ တန်းစီး ဦးကျားကြီး သွားတွေပေါ်အောင် ပြုံးပြလိုက်တယ်။ လှမြတ်ဟာ ခြင်ထောင်လက်ကိုင်ကြိုးကို တပါတ်ခြင်း ဖြည်ထုတ်နေတယ်။ တခြားလူတွေ တယောက်မှ အခန်းထဲမှာ မရှိပါ။ တောင်ယာအလုပ်ဆင်းနေကြတာဖြစ်တယ်။ ကောင်လေးကို လှမြတ်ကြည့်နေတယ်။ မျက်လုံးခြင်းဆုံသွားတယ်။

ဦးကျားကြီး သူ့ရင်ဘတ်အိတ်ထောင်ထဲက ပိုက်ဆံတချို့တဝက်ကို ထုတ်ယူလိုက်ပါတယ်။ နောက်ပြီး ခဲတံတိုတို တချောင်းထွက်လာတယ်။ " အားလုံး ပါသွားပြီး ပြန်ဝယ်ရမယ်။ ငါ ဘယ်လိုလုပ်ပြီး ခဲတံလေးနဲ့စာရေးရမလဲ။ အဲဒီ ခွေးမသားတွေ ငွေဘောလ်ပင်တွေ ယူသွားကြတယ်။ "

" ကောင်လေး သိပ်မကြောက်ပါနဲ့၊ ငါအခုနည်းနည်း စိတ်ညစ်သွားလို့ပါ။ မနက်စာ ကောင်းကောင်းလေးစားပြီးရင် ဒီဟာတွေ မေ့သွားမှာပါ။" လက်ဝါးကြီးထဲက ပိုက်ဆံတွေ ကောင်လေးကို ပေးလိုက်တယ်။ " ထမင်းသုံးပန်းကန်ယူခဲ့၊ တခုက ငါ့အတွက်၊ နောက်နှစ်ခုဟာ မင်းတခု၊ ဟိုဒေါင့်မှာထိုင်နေတဲ့ ဦးလေးကြီးအတွက်က တပန်းကန်၊ လှမြတ်ဘက်လှည့်ပြီး " မင်း ကြက်ဥတလုံးနဲ့ ထမင်းဘဲစားတော့ ကြားလား" တန်းစီး ဦးကျားကြီးဟာ လှမြတ်ကို အတော်အစာမကျေဖြစ်နေပါတယ်။ ကျေးဇူးတင်ပါတယ်ဆိုပြီး ကောင်လေး ဦးကျားကြီးအခန်းထဲက ထွက်လာပါတယ်။

အကျဉ်းတံခါးတွေကို ဖြတ်ပြီးထွက်လာရင်း ထောင်အပြင်ဘက်မှာရောင်းတဲ့ မုန့်ဟင်းခါးဆိုင်ကို လှမ်းလိုက်တယ်။ ဒီဆိုင်မှာ ဝါဒါတွေ  တခါတလေ ထောင်ထဲက ဟင်းမကောင်းရင် လာစားလေ့ရှိတယ်။ ထောင်ဝင်စာ လာတွေ့တဲ့ လူတွေတို့၊ ထောင်ကလွတ်လွတ်ခြင်း အပြင်ထမင်း၊ ဟင်း စားချင်တဲ့လူတွေလည်း စားတတ်ပါတယ်။ လာစားမည့်လူမရှိရင်တော့ ခွေးခြေလေးတွေဟာ အထီးကျန် ဆန်ကြပါတယ်။

စုတ်ပြတ်နေတဲ့ ပိုက်ဆံတွေဟာ ပေရည်ညစ်ပတ်နေတဲ့ ကုလားလေး လက်ထဲက ထွက်သွားပါပြီ။ ဘဲဥတလုံးပါတဲ့ မုန့်ဟင်းခါးတပန်းကန်ကို အရသာရှိစွာစားပြီး ဦးကျားကြီးတို့အတွက် ပါဆယ်နှစ်ထုပ်ဆွဲပြီး ထောင်ထဲကို ပြန်ဝင်ခဲ့ပါတယ်။ မုန့်ဟင်းခါးထိုင်စားရင်း ရန်ကုန်မြို့ကြီးကိုသွားတဲ့ လမ်းမကြီးကိုငေးကြည့်နေမိပါတယ်။ သတ္တိတွေရှိလို့ဖြစ်ဖြစ် စိတ်ပျက်တဲ့အခါဖြစ်ဖြစ် ဒီလမ်းမကြီးကိုကြည့်ရင်း တနေ့နေ့ ရန်ကုန်မြို့ကြီးကို သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ နောက်နှစ်လောက်ဆိုရင် မဖြစ်ဖြစ်အောင်သွားမယ်။ ခွေးခြေကို ပြောင်းပြန်လှည့်ထိုင်ရင်း မုန့်ဟင်းခါးကို အရသာခံစားနေတယ်။

မုန့်ဟင်းခါးဆိုတာ မိန်းမတွေကလုပ်တာ။ မနက်စာစားစရာ တမျိုးဖြစ်တယ်။ တခါတလေ သူ့အမေ ငှက်ပျောပင်နှစ်ပင်ကြားမှာ မုန့်ဟင်းခါးဆိုင်ဖွင့်ခဲ့တာကို သတိရမိတယ်။ ဒါပေမဲ့ အခုတော့ အမေ့အကြောင်း မတွေးဖြစ်တော့ပါ။ မုန့်ဟင်းခါးရဲ့အရသာဟာ သူ့ရင်ထဲက အတိတ်အကြောင်းတွေကို တူးဆွနေပါတယ်။ စပါးပင်တွေ မြက်ပင်ရှည်ကြီးတွေလိုဘဲ လေထဲမှာ ယိမ်းထိုးနေကြပါတယ်။ စပါးပင်တွေဟာ သူ့ကိုစိတ်အေးချမ်းမှု ပေးနိုင်တယ်။ စပါးပင်တွေကိုကြည့်ရင်းနှင့် အောက်ကိုငုံ့ကြည့်လိုက်တော့ ဘဲဥတလုံးသူ့ကိုထိုင်စောင့်နေပါလား။

ပြန်တော့မယ်။ ဦးကျားကြီးလည်း စောင့်နေတော့မယ်။ နောက်ပြီးတော့ သူချစ်ခင်ရတဲ့ တေးဆိုငှက် (ဝါ)တေဇလည်း သူလာပို့မည့် ထမင်းကို မျှော်နေလောက်ပြီ။